# အမျိုးသားစာကြည့်တိုက်ဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အမျိုးသားစာကြည့်တိုက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစာကြည့်တိုက်** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သည့် အမျိုးသားစာကြည့်တိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ဖွင့်လှစ်ခဲ့သော အမျိုးသားစာကြည့်တိုက်များလည်း ပါဝင်သည်။

(ခ) **အမျိုးသားစာကြည့်တိုက်ခွဲ** ဆိုသည်မှာ သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ရှိသည့် စာကြည့်တိုက်များကို ဆိုသည်။

(ဂ) **စာပေအနုပညာပစ္စည်း** ဆိုရာတွင် ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့် အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်၊ အီလက်ထရွန်းနစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသော ပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများ အပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့် သက်ဆိုင်သည့်ပစ္စည်းများ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနကို ဆိုသည်။

( စ ) **ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဆိုသည်။

(ဆ) **ထုတ်ဝေစာ** ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရွန်းနစ်နှင့် အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့်အမျိုးအစားတူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်း အားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာအုပ်များကို ဆိုသည်။

( ဇ ) **ထုတ်ဝေသူ** ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ်ရယူ၍သော် လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ် တွင် ထုတ်ဝေသည့် လုပ်ငန်းလုပ်ကိုင်သူနှင့်စပ်လျဉ်းသည့် အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း(Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန်၊

( ခ ) အမျိုးသားစာကြည့်တိုက်များကို အများပြည်သူ လေ့လာသုတေသနပြု အသုံးပြုနိုင်ရေး အတွက် နိုင်ငံ၏စာပေအသိဉာဏ် အမွေအနှစ်များကို စုဆောင်းထိန်းသိမ်းသည့် မြန်မာ့ အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်၊

( ဂ ) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့်ပတ်သက်သော အကြောင်းအရာ အချက်အလက် များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန်၊

(ဃ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက် အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှစ်ဦးနှင့်ခြောက်ဦးထက်မပိုသော စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး (စာကြည့်တိုက်မှူး)က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကြီးကြပ်မှုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံ၏ အမျိုးသားစာပေစုအမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် မူဝါဒများချမှတ်ခြင်း၊

( ခ ) စာကြည့်တိုက်စာစုများ (Library Collections) တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဂ ) ပြည်တွင်းရှိစာကြည့်တိုက်များကို စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ ဦးဆောင်မှုများပေးခြင်း၊

(ဃ) အမျိုးသားစာကြည့်တိုက်၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မား၍ စွမ်းဆောင်ရည်ပြည့်ဝစေရန် မူဝါဒများချမှတ်ခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်း၊

( င ) နိုင်ငံတော်အတွင်း စာကြည့်တိုက်အသုံးပြုမှုတိုးတက်ရေးနှင့် စာဖတ်စွမ်းရည်မြင့်မားရေးအတွက် အမျိုးသားစာကြည့်တိုက်များကို လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း။

၆။ ကြီးကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်း၌ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့်အညီ ရယူထိန်းသိမ်းခြင်း (National Depository)၊

( ခ ) စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပစာကြည့်တိုက်များ၊ စာကြည့်တိုက်အဖွဲ့အစည်းများနှင့် သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန၏သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်ခြင်း၊

(ဂ) ပြင်ပသို့ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းများကို အမျိုးသားစာကြည့်တိုက်သို့ ပြန်လည်ပေးပို့ထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပရှိ အခြားစာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်း စွမ်းရည်မြင့်မားရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများသို့ အမျိုးသားစာကြည့်တိုက်ဝန်ထမ်းများကို ရွေးချယ်စေလွှတ်ခြင်း။

## အခန်း(၄)
## အမျိုးသားစာကြည့်တိုက် ဖွဲ့စည်းတည်ထောင်ခြင်း

၇။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ရမည် -

(က) ပြည်တွင်းထုတ် ထုတ်ဝေစာများနှင့် ရှားပါးစာပေအနုပညာပစ္စည်းများ၊ လက်ရေးစာများအားလုံးကို ပြည့်စုံအောင်စုဆောင်း၍ ပြည်တွင်းပြည်ပသုတေသီများနှင့် ပြည်သူလူထုတစ်ရပ်လုံး ရည်ညွှန်းကိုးကား အသုံးပြုနိုင်စေရန်၊

(ခ) ရှေးဟောင်းစာပေ၊ စာပေအနုပညာပစ္စည်းများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာစုများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာစာစုများကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသားစာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျရှိစေရန်နှင့်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်။

၈။ (က) ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း သင့်လျော်သည့်ဒေသတွင် အမျိုးသားစာကြည့်တိုက်ခွဲများ ဖွဲ့စည်းတည်ထောင်နိုင်သည်။

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752498